ပြည်ထောင်စု မြန်မာနိုင်ငံတော်

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

THE UNION OF MYANMAR

THE STATE LAW AND ORDER RESTORATION COUNCIL

# အပင်ပိုးမွှား ကာကွယ်သည့် ဥပဒေ

# PLANT PEST QUARANTINE LAW

၁၉၉၃ ခုနှစ်၊ ဇွန်လပြည့်ကျော် ၁၂-ရက်

16 th June 1993

ပြည်ထောင်စု မြန်မာနိုင်ငံတော်

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

THE UNION OF MYANMAR

THE STATE LAW AND ORDER RESTORATION COUNCIL

# အပင်ပိုးမွှား ကာကွယ်သည့် ဥပဒေ

# PLANT PEST QUARANTINE LAW

၁၉၉၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂-ရက်

16 th June 1993

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

## အပင်ပိုးမွှား ကာကွယ်သည့် ဥပဒေ

( နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၈/၉၃ )

( ၁၃၅၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂-ရက် )

( ၁၉၉၃ ခုနှစ်၊ ဇွန်လ ၁၆-ရက် )

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း ( ၁ )

### အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤဥပဒေကို အပင်ပိုးမွှားကာကွယ်သည့်ဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

( က ) အပင် ဆိုသည်မှာ စိုက်ပျိုးနိုင်သောအပင်နှင့် အပင်၏ အစိတ်အပိုင်းကိုဆိုသည်။ ယင်းစကားရပ်တွင် မျိုးစေ့၊ သစ်ဥ၊ သစ်ဖု၊ အတက်၊ အမြစ် သို့မဟုတ် ပင်စည် အစိတ်အပိုင်းလည်း ပါဝင်သည်၊

## The State Law and Order Restoration Council

## Plant Pest Quarantine Law

( The State Law and Order Restoration Council Law No. 8/93 )

The 12 th Waning Day of Nayon, 1355 M.E.

( 16 th June, 1993 )

The State Law and Order Restoration Council hereby enacts the following Law.

### Chapter I

### Title and Definition

1. This Law shall be called the **Plant Pest Quarantine Law.**

2. The following expressions contained in this Law shall have the meanings given hereunder : -

( a ) **Plant** means the cultivable plant and propagative parts thereof. Such expression also includes seed, tuber, corm, bulb, root or stem part of the plant ;

(ခ) **အပင်ထွက်ပစ္စည်း** ဆိုသည်မှာ အပင်မှထွက်ရှိသော ပြုပြင်ထုတ်လုပ်ခြင်း မပြုရသေးသည့် ပစ္စည်းတစ်စုံတစ်ရာ သို့မဟုတ် ပြုပြင်ထုတ်လုပ်ပြီးဖြစ်သော်လည်း ယင်းတို့၏ သဘာဝနှင့် ပြုပြင်ထုတ်လုပ်မှု နည်းစနစ်ကြောင့် ပိုးမွှားပျံ့နှံ့မှု အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းတစ်စုံတစ်ရာကို ဆိုသည်။ ယင်းစကားရပ်တွင် စားသုံးရန် ဖြစ်သော သစ်ဥ၊ သစ်ဖု၊ အတက်၊ အစေ့၊ သစ်သီးဝလံ သို့မဟုတ် ဟင်းသီးဟင်းရွက်လည်း ပါဝင်သည်၊

(ဂ) **အပင်ထွက်မဟုတ်သောပစ္စည်း** ဆိုသည်မှာ ကူးစက်ပြန့်ပွားနိုင်သောပိုးမွှားကပ်ငြိပါရှိသည့် အပင်ထွက်မဟုတ်သော ပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက ဤဥပဒေကိစ္စအလို့ငှာ စစ်ဆေးရန် သတ်မှတ်သည့် ပြည်ပမှ တင်သွင်းသော ပစ္စည်းများလည်း ပါဝင်သည်၊

(ဃ) **ပိုးမွှား** ဆိုသည်မှာ သီးနှံ၊ ရိက္ခာ သို့မဟုတ် ပစ္စည်းများကို ဖျက်ဆီးသော၊ လူ သို့မဟုတ် တိရစ္ဆာန်ကို နှောင့်ယှက်သော ပိုးကောင်၊ မွှားကောင်၊ ကြွက်၊ ပွေး၊ ခရု၊ ပေါင်းပင်ကို ဆိုသည်။ ယင်းစကားရပ်တွင် အပင်ရောဂါ ဖြစ်စေသော အခြားပိုးမွှားများနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက သတ်မှတ်သည့် သက်ရှိလည်း ပါဝင်သည်၊

(င) **ထိန်းချုပ်ပိုးမွှား** ဆိုသည်မှာအပင်ကိုအန္တရာယ်ဖြစ်စေနိုင်သော မြန်မာနိုင်ငံတွင် မရှိသေးသည့် ပိုးမွှားနှင့် ရှိပြီးဖြစ်သော်လည်း မကျယ်ပြန့်သေးသဖြင့် ထိန်းချုပ်ရန် လိုအပ်သော ပိုးမွှားကို ဆိုသည်၊

(b) **Plant Product** means any unprocessed material of plant origin or even though processed which by the nature and that of the processing method may create a risk for the spread of pests. Such expression also includes tuber, corm, bulb, grain, fruit or vegetable for consumption ;

(c) **Non-plant Product** means any material which is not a product of plant and which is contaminated with pest constituting risk of spread. This expression also includes imported materials which have been prescribed for the purpose of this Law by the Ministry for inspection ;

(d) **Pest** means insects, arachnids, rats, moles, snails, weeds that destroy crops, food or commodities or those interfering with human being or animal. Such expression also includes other pests that cause plant disease and living organisms prescribed by the Myanma Agriculture Service ;

(e) **Quarantine Pest** means pest dangerous to plant but not yet in existence in Myanmar and even those in existence but not widely spread yet that needs to be controlled ;

(စ) အကျိုးပြုသက်ရှိ ဆိုသည်မှာ အပင်ဖျက်ပိုးမွှားကို ရောဂါဖြစ်စေခြင်း သို့မဟုတ် ယင်း၏ဥတွင် ကပ်ပါးပြုခြင်း သို့မဟုတ် ယင်းကို စားသောက်ဖျက်ဆီးခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို အကျိုးပြုသည့် သက်ရှိကိုဆိုသည်၊ ယင်းစကားရပ်တွင် စိုက်ပျိုးရေးလုပ်ငန်းကို တစ်နည်းနည်းဖြင့် အကျိုးပြုသော ပိုးကောင်၊ မွှားကောင်၊ မှို၊ ဘက်တီးရီးယား၊ ဗိုင်းရပ် (စ်)၊ နီမတုတ်၊ စားသုံးမှိုအမျိုးမျိုးနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက သတ်မှတ်သည့် သက်ရှိလည်း ပါဝင်သည်၊

(ဆ) ကြားစခန်း ဆိုသည်မှာအပင်၊အပင်ထွက်ပစ္စည်း၊ပိုးမွှား၊ အကျိုးပြုသက်ရှိ သို့မဟုတ် မြေကြီးကို မြန်မာနိုင်ငံမှ တစ်ဆင့် ပြည်ပနိုင်ငံတစ်ခုခုသို့ ဆက်လက်တင်ပို့ရန် မြန်မာနိုင်ငံသို့ ယူဆောင်လာသည့်ယာဉ်မှ ပြည်ပနိုင်ငံသို့ဆက်လက်သယ်ယူမည့်ယာဉ်သို့ ရွှေ့ပြောင်းရန် ခေတ္တထားရှိ အသုံးပြုသည့် စခန်းကို ဆိုသည်၊

(ဇ) တင်သွင်းခွင့်ထောက်ခံချက်လက်မှတ် ဆိုသည်မှာ အပင်၊ အပင်ထွက်ပစ္စည်း၊ ပိုးမွှား၊ အကျိုးပြု သက်ရှိ သို့မဟုတ် မြေကြီးကို ပြည်ပမှ တင်သွင်းနိုင်ရန် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ထုတ်ပေးသည့် လက်မှတ်ကို ဆိုသည်၊

(ဈ) ပိုးမွှားကင်းရှင်းကြောင်းလက်မှတ် ဆိုသည်မှာ ၁၉၅၁ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အပင်ကာကွယ်ရေး သဘောတူစာချုပ်အရ ပြဋ္ဌာန်းထားသော စံချိန်စံညွှန်းများနှင့်အညီ စစ်ဆေးပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းကထုတ်ပေးသော နိုင်ငံတကာအသိအမှတ်ပြုလက်မှတ်ကို ဆိုသည်၊



(f) **Beneficial Organism** means an organism which benefits the agriculture by causing disease to or parasitize its eggs or by predating the pest. Such expression also includes insects, arachnids, fungi, bacteria, viruses, nematodes and various kinds of edible mushrooms which in one way or another benefits agriculture and other organisms prescribed by the Myanma Agriculture Service ;

(g) **Transit Camp** means a camp being stationed for the purpose of temporary storage of plant, plant product, pest, beneficial organism or soil from the arriving carrier to Myanmar before being transferred to the outgoing carrier destined to any foreign country ;

(h) **Import Certificate** means the certificate issued by the Myanma Agriculture Service for the purpose of importing from abroad, plant, plant product, pest, beneficial organism or soil ;

(i) **Phytosanitary Certificate** means an internationally recognized certificate issued by the Myanma Agriculture Service after phytosanitary inspection in accordance with the model prescribed in the 1951 International Plant Protection Convention .

( ည ) ဝန်ကြီးဌာန ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနကို ဆိုသည်၊

( ဋ ) ဝန်ကြီး ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးဝန်ကြီးကို ဆိုသည်၊

( ဌ ) ဦးဆောင်ညွှန်ကြားရေးမှူး ဆိုသည်မှာ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးကို ဆိုသည်။

## အခန်း ( ၂ )
## ရည်ရွယ်ချက်

၃။ ဤဥပဒေကိုအောက်ပါရည်ရွယ်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည်-

( က ) ထိန်းချုပ်ပိုးမွှားများ ပြည်ပမှ မြန်မာနိုင်ငံအတွင်းသို့ တစ်နည်းနည်းဖြင့် ရောက်ရှိမလာနိုင်ရေးအတွက် ကာကွယ်တားဆီးရန်၊

( ခ ) ထိန်းချုပ်ပိုးမွှား ကျရောက်လာသည့်အခါ ထိရောက်စွာ နှိမ်နင်းရန်၊

( ဂ ) ပြည်ပသို့ တင်ပို့မည့် အပင် သို့မဟုတ် အပင်ထွက်ပစ္စည်းနှင့် စပ်လျဉ်း၍ လိုအပ်ပါက ပိုးသတ်ရေး၊ ပိုးမွှားသန့်စင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ပိုးမွှားကင်းရှင်းကြောင်း လက်မှတ် ထုတ်ပေးရန်။

## အခန်း ( ၃ )
## ပြည်ပမှ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း

၄။ အပင်၊ အပင်ထွက်ပစ္စည်း၊ ပိုးမွှား၊ အကျိုးပြုသက်ရှိသို့မဟုတ် မြေကြီးကို-

( က ) ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းလိုသူသည် သက်ဆိုင်ရာဌာန သို့မဟုတ် အဖွဲ့အစည်းထံမှ တင်သွင်းခွင့်လိုင်စင် သို့မဟုတ် ပါမစ်ရယူခြင်း မပြုမီ တင်သွင်းခွင့် ထောက်ခံချက်လက်မှတ် ရရှိရေးအတွက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသို့ ဦးစွာလျှောက် ထားရမည်၊



( j ) **Ministry** means the Ministry of Agriculture ;

( k ) **Minister** means the Minister for the Ministry of Agriculture ;

( l ) **Managing Director** means the Managing Director of the Myanma Agriculture Service.

## <u>Chapter II</u>
## Objectives

3. This Law shall be implemented in accordance with the objectives given hereunder : -

( a ) to prevent quarantine pests from entering into Myanmar by any means ;

( b ) to suppress effectively the spread of quarantine pests ;

( c ) to carry out, if necessary, disinfestation, disinfection treatment of plant or plant product to be exported and the issuance of phytosanitary certificate ;

## <u>Chapter III</u>
## Import and Export

4. Plant, plant product, pest, beneficial organism or soil : -

( a ) shall be imported by a person on application for an import certificate from the Myanma Agriculture Service before obtaining licence or permit from the department or organization concerned ;

( ခ ) ပြည်ပမှ မှာယူတင်သွင်းခြင်းဖြင့် ရောက်ရှိလာသည့်အခါတွင် ဖြစ်စေ၊ မိမိနှင့်တစ်ပါတည်းယူဆောင်လာသည့်အခါတွင်ဖြစ်စေ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ စစ်ဆေးမှုကို ခံယူရမည်၊

( ဂ ) တင်သွင်းခွင့်ထောက်ခံချက်လက်မှတ်အတွက် သတ်မှတ်သည့် အခကြေးငွေနှင့် စစ်ဆေးခကို တင်သွင်းသူ သို့မဟုတ် ယူဆောင်လာသူက ပေးဆောင်ရမည်။

၅။ အပင် သို့မဟုတ် အပင်ထွက်ပစ္စည်းကို ပြည်တွင်းမှ ပြည်ပသို့ တင်ပို့ခွင့် ရရှိသူသည် ပိုးမွှားကင်းရှင်းကြောင်းလက်မှတ်ရယူရန် သို့မဟုတ် ပိုးသတ်ပေးရန် သို့မဟုတ် ပိုးမွှားသန့်စင်ပေးရန် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသို့ သတ်မှတ်သည့် အခကြေးငွေပေးဆောင်ပြီး လျှောက်ထားနိုင်သည်။

၆။ အပင်၊ အပင်ထွက်ပစ္စည်း၊ ပိုးမွှား၊ အကျိုးပြုသက်ရှိ သို့မဟုတ် မြေကြီးကို ကြားစခန်းမှ တစ်ဆင့် ပြည်ပသို့ ပြန်လည်တင်ပို့ရာတွင် -

( က ) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက စစ်ဆေးနိုင်ခွင့်ရှိသည်၊

( ခ ) ပုဒ်မခွဲ ( က ) အရ စစ်ဆေးရာ၌ ထိန်းချုပ်ပိုးမွှား တွေ့ရှိရပါက ပိုးသတ်ခြင်း သို့မဟုတ် ပိုးမွှားသန့်စင်ခြင်းကို မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းက ဆောင်ရွက်နိုင်ခွင့်ရှိသည်။ ကုန်ကျစရိတ်ကို သက်ဆိုင်သူက ကျခံရမည်၊

( ဂ ) ပိုးမွှားကင်းရှင်းကြောင်းလက်မှတ် ရယူလိုပါက မြန်မာ့စိုက်ပျိုး ရေး လုပ်ငန်းသို့ သတ်မှတ်သည့် အခကြေးငွေ ပေးဆောင်ပြီး လျှောက်ထားရယူနိုင်သည်။



( b ) when on arrival by importing or when brought personally shall be subject to inspection by the Myanma Agriculture Service ;

( c ) shall be subject to payment of fees as prescribed for import certificate and to payment of inspection fees by the person who imports or brings along with him.

5. A person, who has been permitted to export plant or plant product, if desirous of obtaining phytosanitary certificate or disinfestation or disinfection treatment may apply to the Myanma Agriculture Service after payment of the prescribed fees.

6. In re-exporting plant, plant product, pest, beneficial organism or soil through transit camp to abroad : -

( a ) the Myanma Agriculture Service has the right to inspect ;

( b ) if quarantine pests are found while inspecting under sub-section ( a ), the Myanma Agriculture Service has the right to carry out disinfestation or disinfection treatment. The person so concerned shall incur the costs ;

( c ) if desirous of obtaining phytosanitary certificate, application may be made to the Myanma Agriculture Service after payment of the prescribed fees.

## အခန်း ( ၄ )
## ပိုးမွှားစစ်ဆေးရေး စခန်းများ

၇။ ဤဥပဒေအရ ပိုးမွှားစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မြန်မာ စိုက်ပျိုးရေး လုပ်ငန်းသည် အောက်ပါ နေရာများတွင် ပိုးမွှားစစ်ဆေးရေးစခန်း များကို ဖွင့်လှစ် ထားရှိရမည်-

( က ) ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊
( ခ ) ရန်ကုန်ဆိပ်ကမ်း၊
( ဂ ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပြည်ပချောစာပို့ဌာန၊
( ဃ ) ကြားစခန်း။

၈။ ဝန်ကြီးဌာနသည် ပိုးမွှားစစ်ဆေးရေး စခန်းများကို တိုးချဲ့သတ်မှတ် နိုင်သည်၊

## အခန်း ( ၅ )
## ဦးဆောင်ညွှန်ကြားရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ ဦးဆောင်ညွှန်ကြားရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါ အတိုင်း ဖြစ်သည်-

( က ) ပြည်ပမှ တင်သွင်းလာသော အပင်၊ အပင်ထွက်ပစ္စည်း၊ ပိုးမွှား၊ အကျိုးပြုသက်ရှိ၊ အပင်ထွက် မဟုတ်သောပစ္စည်း သို့မဟုတ် မြေကြီးတွင် ထိန်းချုပ်ပိုးမွှား ကပ်ငြိပါရှိလာခြင်း ရှိမရှိနှင့် စပ်လျဉ်း၍ စစ်ဆေးရမည့် နည်းလမ်းများ သတ်မှတ်ပေးခြင်း၊

( ခ ) ပြည်ပသို့ ပြန်လည်တင်ပို့မည့် အပင်၊ အပင်ထွက်ပစ္စည်း၊ ပိုးမွှား၊ အကျိုးပြုသက်ရှိ သို့မဟုတ် မြေကြီးကို ကြားစခန်း၌ ခေတ္တထားရှိခြင်း၊ ယာဉ်တစ်ခုမှ အခြားယာဉ်တစ်ခုသို့ ရွှေ့ပြောင်းသယ်ယူခြင်းများနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ပေးခြင်း၊



## Chapter IV
## Inspection Camps

7. In order to carry out inspection works under this Law, the Myanma Agriculture Service shall establish inspection camps at the following places :-

( a ) Yangon International Airport ;
( b ) Yangon Port ;
( c ) Myanma Posts and Telecommunications ; Foreign Mail Service ;
( d ) Transit Camp;

8. The Ministry may extend the establishment of pest inspection camps.

## Chapter V
## The Duties and Powers of the Managing Director

9. The duties and Powers of the Managing Director are as follows :-

( a ) prescribing methods of inspection in respect of plant, plant product, pest, beneficial organism, non-plant product or soil imported from abroad as to whether they are infested or infected with quarantine pests ;

( b ) prescribing conditions relating to the temporary custody in the transit camp, transferring from one vehicle to another of plant, plant product, pest, beneficial organism or soil for re-export ;

( ဂ ) ပြည်ပသို့ပြန်လည်တင်ပို့မည့် အပင်၊ အပင်ထွက်ပစ္စည်း၊ ပိုးမွှား၊ အကျိုးပြုသက်ရှိသို့မဟုတ်မြေကြီးကို လက်ခံမည့်နိုင်ငံ၏လိုအပ်ချက်အရ စစ်ဆေးနိုင်ရန်နည်းလမ်းများ သတ်မှတ်ပေးခြင်း၊

( ဃ ) ပြည်တွင်း၌ ထိန်းချုပ်ပိုးမွှား ကျရောက်လာပါက ထိရောက်စွာ နှိမ်နင်းနိုင်ရေးအတွက် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

( င ) အပင်၊ အပင်ထွက်ပစ္စည်း၊ ပိုးမွှား၊ အကျိုးပြုသက်ရှိ သို့မဟုတ် မြေကြီးကို ပြည်ပမှ တင်သွင်းနိုင်ရေးအတွက် တင်သွင်းခွင့်ထောက်ခံချက်လက်မှတ် လျှောက်ထားမှုများကို စိစစ်၍ ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း၊

( စ ) ပိုးသတ်ခြင်း၊ သို့မဟုတ် ပိုးမွှားသန့်စင်ခြင်းတို့ကိုဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊

( ဆ ) ပိုးမွှားကင်းရှင်းကြောင်း လက်မှတ်လျှောက်ထားမှုများကို စိစစ်၍ ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း၊

( ဇ ) ထိန်းချုပ်ပိုးမွှား ကျရောက်နေသော အပင်၊ အပင်ထွက်ပစ္စည်း၊ အကျိုးပြုသက်ရှိ သို့မဟုတ် မြေကြီးကို ပြည်တွင်း တစ်နေရာမှ တစ်နေရာသို့ သယ်ယူပို့ဆောင်ခြင်း မပြုရန် တားမြစ်မိန့် ထုတ်ပြန်ခြင်း၊

( ဈ ) စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်း၊

( ည ) ဝန်ကြီးက ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

၁၀။ ဦးဆောင်ညွှန်ကြားရေးမှူးသည်-

( က ) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မှ သင့် လျော် သော ဝန်ထမ်း များကို စစ်ဆေးရေးမှူးချုပ်အဖြစ်လည်းကောင်း၊ စစ်ဆေးရေးမှူးများအဖြစ်လည်းကောင်း တာဝန်ပေးအပ်ရမည်၊



(c) prescribing necessary measures for inspection in accordance with the requirements of the receiving country in respect of plant, plant product, pest, beneficial organism or soil for re-export ;

(d) prescribing necessary measures for the effective suppression of quarantine pest in case of outbreak of such pests in the country ;

(e) permitting or refusing after scrutinizing the applications for import certificate made in respect of plant, plant product, pest, beneficial organism or soil ;

(f) making arrangements for carrying out disinfestation or disinfection treatments ;

(g) permitting or refusing after scrutinizing the applications for phytosanitary certificate ;

(h) issuing order preventing the transportation from one place to another within the country of plant, plant product, beneficial organism or soil that is infested or infected with quarantine pest ;

(i) imposing administrative penalty ;

(j) carrying out duties as are assigned by the Minister.

10. The Managing Director :-

(a) shall assign the duty of Inspector General and Inspectors to the suitable personnel from the Myanma Agriculture Service :

(ခ) စစ်ဆေးရေးမှူးချုပ်နှင့် စစ်ဆေးရေးမှူးတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်၊

(ဂ) မိမိ၏လုပ်ပိုင်ခွင့်များကို စစ်ဆေးရေးမှူးချုပ် သို့မဟုတ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှအရာရှိတစ်ဦးဦးအား လွှဲအပ်၍ဆောင်ရွက်စေနိုင်သည်၊

(ဃ) စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်ချမှတ်ပိုင်ခွင့်ကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ သင့်လျော်သော အရာရှိများကို လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

## အခန်း (၆)
## တားမြစ်ချက်နှင့် စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်

၁၁။ မည်သူမျှ တင်သွင်းခွင့် ထောက်ခံချက်လက်မှတ် မရရှိဘဲ အပင်၊ အပင်ထွက်ပစ္စည်း၊ ပိုးမွှား၊ အကျိုးပြုသက်ရှိ သို့မဟုတ် မြေကြီးကို ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းခြင်း မပြုရ။

၁၂။ မည်သူမျှ အပင်၊ အပင်ထွက်ပစ္စည်း၊ ပိုးမွှား၊ အကျိုးပြုသက်ရှိ သို့မဟုတ် မြေကြီးကို တင်သွင်းခွင့်ထောက်ခံချက်လက်မှတ်အရ မှာယူတင်သွင်းလာသည့်အခါတွင်ဖြစ်စေ၊ ပြည်ပမှ မိမိနှင့်တစ်ပါတည်း ယူဆောင်လာသည့်အခါတွင်ဖြစ်စေ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း၏ စစ်ဆေးမှုနှင့် ကြီးကြပ်မှုကို ခံယူရန် ပျက်ကွက်ခြင်း မရှိစေရ။

၁၃။ အပင်ထွက်မဟုတ်သောပစ္စည်းကို ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းသူသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ စစ်ဆေးမှုကိုခံယူရန် ပျက်ကွက်ခြင်း မရှိစေရ။

၁၄။ မည်သူမျှ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ထိန်းချုပ်ပိုးမွှား ကျရောက်နေကြောင်း ကြေညာထားသည့် အပင်၊ အပင်ထွက်ပစ္စည်း၊ အကျိုးပြုသက်ရှိ သို့မဟုတ် မြေကြီးကို သိလျက်နှင့် ပြည်တွင်းတစ်နေရာမှ တစ်နေရာသို့ သယ်ယူခြင်း၊ ပို့ဆောင်ခြင်း မပြုရ။



F.4.B 8

(b) shall prescribe the duties and powers of the Inspector General and the Inspectors ;

(c) may assign his powers to the Inspector General or any officer of the Myanma Agriculture Service ;

(d) may assign on suitable officers of the Myanma Agriculture Service the power to impose administrative penalty.

## Chapter VI
## Prohibition and Penalty

11. No person shall, without obtaining the import certificate, import plant, plant product, pest, beneficial organism or soil.

12. No person, who imports plant, plant product, pest, beneficial organism or soil with import certificate or who brings along with him from abroad, shall fail to submit to inspection and control of the Myanma Agriculture Service.

13. An importer of non-plant product which has been prescribed by the Myanma Agriculture Service for inspection shall not fail to submit to inspection.

14. No person shall, knowingly transport from one place to another within the country, plant, plant product, beneficial organism or soil which has been declared to be infested or infected with quarantine pest by the Myanma Agriculture Service.

၁၅။ မည်သူမျှ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ။

၁၆။ ပုဒ်မ ၁၁ သို့မဟုတ် ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်-

(က) ပထမအကြိမ် ကျူးလွန်ခြင်း ဖြစ်ပါက အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀ အထိ ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ခ) ထပ်မံကျူးလွန်ခြင်း ဖြစ်ပါက အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀ အထိ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း။

၁၇။ ပုဒ်မ ၁၃၊ ပုဒ်မ ၁၄ သို့မဟုတ် ပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်သူသည် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ကို ချမှတ်ခြင်း ခံရမည်-

(က) ပထမအကြိမ် ကျူးလွန်ခြင်း ဖြစ်ပါက အနည်းဆုံး ကျပ် ၅၀၀ မှ အများဆုံး ကျပ် ၃၀၀၀ အထိ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ခ) ထပ်မံကျူးလွန်ခြင်း ဖြစ်ပါက အနည်းဆုံး ကျပ် ၃၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀ အထိ ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း။

၁၈။ ပုဒ်မ ၁၆၊ သို့မဟုတ် ပုဒ်မ ၁၇ အရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ကို ချမှတ်ရာတွင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းကို ဖျက်ဆီးစေခြင်း သို့မဟုတ် သတ်မှတ်ထားသော အခကြေးငွေကို ပေးဆောင်စေပြီး ပိုးသတ်ခြင်း သို့မဟုတ် ပိုးမွှားသန့်စင်စေခြင်းကို ပြုလုပ်နိုင်သည်။



15. No person shall violate any provision of the rules, procedures, made under this Law.

16. A person who violates any of the provisions contained in section 11 or section 12 shall be liable to the following administrative penalty :-

( a ) in the case of a first offence, imposition of a fine which may extend from a minimum of kyats 1,000 to a maximum of kyats 5,000 ;

( b ) in the case of a subsequent offence, imposition of a fine which may extend from a minimum of kyats 5,000 to a maximum of kyats 10,000.

17. A person who violates the provisions contained in section 13, section 14 or section 15 shall be liable to the following administrative penalty :-

( a ) in the case of a first offence, imposition of a fine which may extend from a minimum of kyats 500 to a maximum of kyats 3,000 ;

( b ) in the case of a subsequent offence, imposition of a fine which may extend a minimum of kyats 3,000 to a maximum of kyats 5,000.

18. In respect of the administrative penalty imposed under section 16 or section 17 may require the exhibits involved in the offence to be destroyed or after payment of prescribed fee may require them to be disinfested or disinfected.

## အခန်း ( ၇ )
## အယူခံခြင်း

၁၉။ ဤဥပဒေအရ ဦးဆောင်ညွှန်ကြားရေးမှူးက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍မကျေနပ်သူသည် ယင်း အမိန့်သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်။

၂၀။ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း ( ၈ )
## အထွေထွေ

၂၁။ သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသည် ပြည်ပမှ ရောက်ရှိလာသည့် အပင်၊ အပင်ထွက်ပစ္စည်း၊ ပိုးမွှား၊ အကျိုးပြုသက်ရှိ၊ မြေကြီး သို့မဟုတ် အပင်ထွက်မဟုတ်သော ပစ္စည်းကို -

( က ) စစ်ဆေးမှုပြုနိုင်ရန် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသို့ အမြန်ဆက်သွယ် အကြောင်းကြားရမည်၊

( ခ ) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက စစ်ဆေးပြီးနောက် ပိုးမွှားကင်းရှင်းကြောင်း တွေ့ရှိရမှသာ တင်သွင်းသူအား ထုတ်ယူခွင့်ပြုရမည်။

၂၂။ ဤဥပဒေအရ ပိုးမွှားစစ်ဆေးသည့် လုပ်ငန်းကို ဆောင်ရွက်ရာတွင် -

( က ) ကုန်စည် စီးဆင်းမှု မှန်ကန် မြန်ဆန်ရေးကို မထိခိုက်စေရန် ဆောင်ရွက်ရမည်၊

( ခ ) စစ်ဆေးမှုကို နှောင့်နှေးကြန့်ကြာခြင်း မရှိစေဘဲ ဆောင်ရွက်ရမည်။



## Chapter VII
## Appeal

19. A person dissatisfied with the order or decision made by the Managing Director under this Law may appeal to the Minister within 60 days from the date such order or decision was made.

20. The decision of the Minister shall be final.

## Chapter VIII
## Miscellaneous

21. The respective government department or government organization shall, in respect of plant, plant product, pest, beneficial organism, soil or non-plant product on arrival from abroad -

( a ) promptly inform the Myanma Agriculture Service for inspection ;

( b ) permit an importer to take delivery only when it has been found to be free from pest on inspection by the Myanma Agriculture Service.

22. The inspection work under this Law shall be done -

( a ) without affecting the smooth and steady flow of trade ;

( b ) without delay in inspection.

၂၃။ ဤဥပဒေအရ ဆောင်ရွက်ရန်ရှိသော ပိုးသတ်ခြင်း သို့မဟုတ် ပိုးမွှားသန့်စင်ပေးခြင်းကို ပိုးသတ်ဆေး ဥပဒေအရ ဖွဲ့စည်းထားသော ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့က အသိအမှတ်ပြုထားသည့် အဖွဲ့အစည်း တစ်ရပ်ရပ်က ဆောင်ရွက်ခွင့်ရှိသည်။

၂၄။ ဝန်ကြီးဌာနသည် အပင်၊ အပင်ထွက်ပစ္စည်း၊ ပိုးမွှား သို့မဟုတ် မြေကြီးကို စစ်ဆေးသည့်ကိစ္စမှအပ အစိုးရဌာနတစ်ခုခု သို့မဟုတ် အစိုးရအဖွဲ့အစည်း တစ်ရပ်ရပ်အား ဤဥပဒေပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့် ပြုနိုင်သည်။

၂၅။ အပင်၊ အပင်ထွက်ပစ္စည်း၊ ပိုးမွှား၊ အကျိုးပြုသက်ရှိ သို့မဟုတ် မြေကြီးကို ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းခွင့်လိုင်စင် သို့မဟုတ် ပါမစ်ထုတ်ပေးပိုင်ခွင့်ရှိသောအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ တင်သွင်းခွင့် ထောက်ခံချက်လက်မှတ် တင်ပြနိုင်သူကိုသာ လိုင်စင် သို့မဟုတ် ပါမစ် ထုတ်ပေးနိုင်သည်။

၂၆။ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသည် ဤဥပဒေအရ ရရန်ရှိသော ဒဏ်ကြေးငွေကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံနိုင်သည်။

၂၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊



23. Any organization recognized by the Pesticide Registration Board formed under the Pesticide Law may carry out the disinfestation or disinfection treatment under this Law.

24. The Ministry may exempt any government department or government organization from complying with any of the provisions of this Law apart from the inspection of plant, plant product, pest or soil.

25. The government department or the government organization that is authorized to issue import licence or permit in respect of plant, plant product, pest, beneficial organism or soil imported from abroad may issue the licence or permit only on submission of the import certificate granted by Myanma Agriculture Service.

26. The Myanma Agriculture Service may recover the fine payable under this Law as if it were arrears of land revenue.

27. For the purpose of carrying out the provisions of this Law -

(a) the Ministry may, issue rules and procedures as may be necessary, with the approval of the government ;

( ခ ) ဝန်ကြီးဌာနနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၂၈။ The Insects and Pests Act, 1914 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

( ပုံ ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

( b ) the Ministry and the Myanma Agriculture Service may issue orders and directives as may be necessary.

28. The Insects and Pests Act, 1914 is hereby repealed.

**( sd ) Than Shwe**
**Senior General**
**Chairman**
**The State Law and Order**
**Restoration Council**